မြေသြဇာကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မြေသြဇာကော်မတီ

| ညွှန်ချုပ်ရုံးဝင်စာမှတ်ပုံတင် | |
|---|---|
| ရက်စွဲ | ၄.၅.၂၀ |
| အချိန် | ၁၃:၀၀ |
| စာအမှတ် | ၁၁၉၁၇ |

အမိန့်ကြော်ငြာစာအမှတ် ( ၁ /၂၀၂၀)
၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၉ ရက် )

## မြေသြဇာမှတ်ပုံတင် လျှောက်ထားခြင်းနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များ ထုတ်ပြန်ကြေညာခြင်း

၁။ မြေသြဇာကော်မတီသည် အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီသော မြေသြဇာများအား စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ သုံးစွဲနိုင်ရေးနှင့် မြေသြဇာလုပ်ငန်းလုပ်ကိုင်သူ လုပ်ငန်းရှင်များ မြေသြဇာထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် မြေသြဇာဥပဒေ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်လျက်ရှိရာတွင် မြေသြဇာဥပဒေပုဒ်မ ၄၈(ခ) နှင့် မြေသြဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၅၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ မြေသြဇာလုပ်ငန်း လုပ်ကိုင်သူသည် မြေသြဇာမှတ်ပုံတင် လျှောက်ထားခြင်းနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အချက်အလက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

(က) မြေသြဇာ ဥပဒေပုဒ်မ ၇ အရ စီးပွားရေးအလို့ငှာ မြေသြဇာကို ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မှတ်ပုံတင် သီးခြားလျှောက်ထားရမည်။

(ခ) ပြည်တွင်းတွင် မြေသြဇာအမျိုးမျိုး ထုတ်လုပ်ခြင်း၊ မြေသြဇာများကို ပေါင်းစပ်ခြင်း၊ ရောနှောခြင်းနှင့် အလေးချိန်ခွဲ၍ ပြန်လည်ထုပ်ပိုးခြင်း၊ ပြည်ပမှ ကုန်ကြမ်းတင်သွင်းပြီး ပြည်တွင်းတွင် ပြန်လည်ထုပ်ပိုးခြင်း စသည့်လုပ်ငန်းများ လုပ်ဆောင်လိုပါက မြေသြဇာထုတ်လုပ်ခွင့် မှတ်ပုံတင်လျှောက်ထား ရမည်။

(ဂ) ကုန်ကြမ်းအဖြစ် တင်သွင်းသော မြေသြဇာများတွင် မြန်မာဘာသာ အညွှန်းစာသား ထည့်သွင်းရန်မလိုဘဲ သီးခြားမှတ်ပုံတင်အမှတ် (တသက) ကို အသုံးပြုရမည်။

(ဃ) မြေသြဇာ တစ်မျိုးတည်းကို ထုပ်ပိုးပစ္စည်းပုံစံ (Package Design) နှင့် အမှတ်တံဆိပ် (Brand Name/logo) ပြောင်းလဲခြင်းပြုလျှင် မှတ်ပုံတင်အသစ် လျှောက်ထားရမည်။

(င) ထုတ်လုပ်မှတ်ပုံတင် လျှောက်ထားရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ချက် (EIA) ထောက်ခံချက် ရယူတင်ပြရမည်။

၃။ မြေဩဇာကော်မတီသည် မြေဩဇာလုပ်ငန်း လုပ်ကိုင်သူများ မြေဩဇာမှတ်ပုံတင်လျှောက်ထားရာတွင် အောက်ဖော်ပြပါ အချက်များကို ကင်းလွတ်၊ ဆောင်ရွက်ခွင့်ပြုမည်။

(က) ရေကြောင်းမှတင်ရောက်လာသော Urea, Triple Super Phosphate (T-Super), Murate of Potash (MOP), Sulphate of Potash (SOP) ကဲ့သို့သော Straight Fertilizer များအား ကနဦးဓာတ်ခွဲစစ်ဆေးခြင်းကို ကင်းလွတ်ခွင့်ပြု သည်။

(ခ) စံချိန်စံညွှန်းတူသောမြေဩဇာကို မှတ်ပုံတင်အမှတ်တစ်ခုတည်းဖြင့် အလေးချိန်ခွဲ၍ Net Weight (၅)မျိုး အထိ ဆောင်ရွက်ခွင့်ပြုသည်။

၄။ အပိုဒ် ( ၂ )ပါ အချက်များအား လိုက်နာ ဆောင်ရွက်ခြင်းမရှိသော မြေဩဇာလုပ်ငန်းလုပ်ကိုင်သူများသည် မြေဩဇာဥပဒေပုဒ်မ ၉ ကို ဖောက်ဖျက်သဖြင့် ပုဒ်မ ၂၄ စီမံခန့်ခွဲရေးနည်းလမ်းအရ လည်းကောင်း၊ မြေဩဇာဥပဒေပုဒ်မ ၁၁ ကို ဖောက်ဖျက်သဖြင့် ပုဒ်မ ၃၆ အရလည်းကောင်း အရေးယူခြင်းခံရမည်။

( လှကျော် )
ဥက္ကဋ္ဌ
မြေဩဇာကော်မတီ

စာအမှတ်၊ မြေဩဇာ/၂၀၁၉-၂၀၂၀ ( ၆၅၁ )
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၉ ရက်

ဖြန့်ဝေခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး
မြေဩဇာကော်မတီဝင်များအားလုံး
မြေဩဇာဆိုင်ရာနည်းပညာကော်မတီဝင်များအားလုံး
ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်။
ဒုတိယညွှန်ကြားရေးမှူးချုပ်များအားလုံး၊ စိုက်ပျိုးရေးဦးစီးဌာန
ညွှန်ကြားရေးမှူးများအားလုံး၊ စိုက်ပျိုးရေးဦးစီးဌာန
တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများအားလုံး၊ စိုက်ပျိုးရေးဦးစီးဌာန

( ဒေါက်တာရဲတင့်ထွန်း )
အတွင်းရေးမှူး
မြေဩဇာကော်မတီ